29.5.2005,(7:00pm)6

သတ္တဝါမတွေ့တာ ရှိလို့လား၊ မရှိလို့လား ။ မရှိရင်လူစွဲ နတ်စွဲ ပြဟ္မာစွဲ စွဲစရာ လိုသေးသလား ။ တွေ့တဲ့ တရားက လူနတ် ပြဟ္မာလား ခန္ဓာငါးပါးလား ။ ဤခန္ဓာငါးပါး ဘယ်ပုံဘယ်နည်း ရှိတာလဲ စိစစ်ဖို့မကောင်းဘူးလား။

ရူပက္ခန္ဓာ ဘယ်သဘော ရှိတာလဲ။

(ဖောက်ပြန်ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု....ပါဘုရား)၊

ဝေဒနာက္ခန္ဓာ ဘယ်သဘောရှိတာလဲ ။

(ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)၊

သညာက္ခန္ဓာ ဘယ်သဘောရှိတာလဲ။

(မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)၊

သင်္ခါရက္ခန္ဓာ ဘယ်သဘောရှိတာလဲ။

(စေ့ဆော်တိုက်တွန်း တတ်သော သဘောအစုဖြစ်ပျက်မှုပါဘုရား)။

ဝိညာဏက္ခန္ဓာ ဘယ်သဘောရှိတာလဲ ။

(သိတတ်သော သဘောအစု ဖြစ်ပျက်မှုပါဘုရား)။

ဤခန္ဓာငါးပါးက မြင်ပြီးရင်ပျက် ၊ကြားပြီးရင်ပျက်၊နံပြီးရင်ပျက်၊ စားပြီးရင်ပျက်၊ ထိပြီးရင်ပျက်၊ သိပြီးရင်ပျက် ဆိုတော့ ခန္ဓာငါးပါး တွေ့သလား၊ မရှိတာ တွေ့သလား ။မရှိရင် ဘယ်လို စွဲမလဲ။ လူ၊နတ်၊ပြဟ္မာ သတ္တဝါက အစကတည်လို့ မရှိခြင်းကြောင့် စွဲစရာ လိုသေးရဲ့လား ။ရှိတယ်ဆိုတဲ့ ခန္ဓာကလည်း ဖြစ်ပြီးတော့ မပျက်လား ။အစွဲခံရဲ့လားဟေ့။ ဒီလိုဆိုရင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီကွဲ့၊ ကြားလား ။ အဲလို စိစစ်ဖို့ မကောင်းလား။

<u>လူစွဲဒိဋ္ဌိပြုတ်။</u>

ခန္ဓာဖွဲ့ ခန္ဓာဖွဲ့။ကိုယ်ထင်တာက လူ၊ နတ်၊ ပြဟ္မာ တွေ့တာက ခန္ဓာငါးပါး။ တွေ့တာနဲ့ ကိုယ်ထင်တာနဲ့ ပိုင်းခြားဖို့ မလိုလား။ ဒါကြောင့် ခန္ဓာငါးပါးက ပရမတ်၊လူက ပညတ်၊ခန္ဓာငါးပါးက ပရမတ်၊ နတ်က ပညတ်၊ခန္ဓာငါးပါးက ပရမတ် ၊ပြဟ္မာက ပညတ်။ ခန္ဓာငါးပါးက ပရမတ်၊ မိန်းမ၊ ယောကျ်ားက ပညတ် ၊ မရှိပညတ်က လူနတ်ပြဟ္မာ သတ္တဝါ၊ ရှိ ပရမတ်က ခန္ဓာငါးပါး။ အဲဒါ ခန္ဓာငါးပါး။ လူလို့ ဘယ်လိုပဲသမုတ်၊ သမုတ်၊ခေါ်ချင်သလိုခေါ် ခန္ဓာငါးပါးက လူဖြစ်ရဲ့လား။ ပြောင်းရဲ့လား ။ နတ်လို့ ခေါ်ရင်ကား နတ်ဖြစ်ရဲ့လား။ခေါ်ချင်သလိုခေါ် ဖြစ်ရဲ့လားဟေ့။ဒါမို့ သူ့ကို ပရမတ်လို့ခေါ်တယ်နော်။

29.5.2005,(7:00pm)7

အဲဒီ ပရမတ်ကို ပညတ်က ဖုံးတာဗျ။ နိဗ္ဗာန်ကို ပရမတ်က ဖုံးတာဗျ။ အဖုံးတွေ ရှိသမျှတော့ အမှန် အတိုင်း မြင်ဖို့လွယ်ပါ့မလား ။ အဲဒီ အဖုံးတွေ ဖွင့်ဖို့ လိုတယ်။ ဟင်းအိုး တစ်အိုးမှာ ချက်ထားတယ်။ အဖုံးက လုံအောင် ပိတ်ထားတယ် ဘာတွေ ရှိတယ်လို့ သိနိုင်ပါမလား ။အဖုံးကို ဖွင့်ကြည့် မသိနိုင်ဘူးလား ။ ဒါကြောင့် နိဗ္ဗာန်ကို ပရမတ်က ဖုံးတယ်။ ပရမတ်ကိုပညတ်က ဖုံးတယ်။ အဲဒီလို ဆို ဒါ အဖုံးတွေ ဖွင့်ဖို့... ဘယ်လို ဖွင့်မလဲ။ လုပ်ကြ လက်တွေ့ မျက်တွေ့ အရှိနဲ့ အသိ ထပ်သွားဖို့ လိုတယ်နော်။ ဘယ်လို ဖွင့်မလဲဟေ့။ ဒါကြောင့် အသုတဝါ ပုထုဇ္ဇနောတဲ့။ အကြားအမြင် မရှိတော့ မလုပ်တတ်ကြတာပေါ့ ကွဲ့နော်။ သုတဝါ အရိယာသာဝကောတဲ့။ သုတ အကြားအမြင်ရှိမှ ဖွင့်နိုင်မှာ။ ကဲ စဉ်စားကြ။

အခု တရား နာတာ လူတွေလို့ မပြောရဘူးလား ။ လူလို့ မထင်ဘူးလား။ ရှိတယ်လို့ မယူဘူးလား ။ ဘုရားပေးတဲ့ ဝိဇ္ဇာဆိုတဲ့ မျက်မှန်ကို တပ်ကြည့်ကာ လူကိုမြင်တာလား၊ အဆင်းကိုမြင်တာလား ။သြော် အဆင်းကို မြင်တာ။ ဒါ မှန်ပြီကွဲ့။လူလား၊ အဆင်းလား ။ အဆင်းနော်။ အဆင်းက ပရမတ်၊ လူက ပညတ်။ အဆင်းက ပရမတ်၊ မိန်းမ၊ယောကျ်ားက ပညတ်။အခုဟာ အဆင်းက ပရမတ်။ ဘာကြောင့် ပရမတ်လို့ ခေါ်လဲ။ ဘယ်လိုပဲ့ သမုတ် သမုတ်၊ လူလို့ သမုတ်ချင် သမုတ်။ အဆင်းက လူ ဖြစ်ကဲ့လား။ မိန်းမ၊ ယောကျ်ား သမုတ်ငြားသော်လည်း အဆင်းက မိန်းမ၊ယောကျ်ားဖြစ်ရဲ့လား ။ သားလို့ သမုတ်ငြား သားဖြစ်ရဲ့လား ။ မပြောင်းဘူးနော်။ ကဲ အဆင်းပဲတွေ့တယ်။ အမြင်ခံတဲ့...။ မြင်သိစိတ်လေးက စိစစ်ဖို့မကောင်းလား ။ မြင်သိစိတ်က အဲ စက္ခုဝိညာဏ်က နာမ်တရား မရဘူး လား။ မျက်စိအကြည်နဲ့ အဆင်းက ရုပ်တရားမရလား။ နာမ်ရုပ်နှစ်ပါး။ ဖြန့်လိုက်တော့ ခန္ဓာ ငါးပါး။ ချုံ့လိုက်ရင် နာမ် နှင့် ရုပ်။လူလား၊ နာမ်နဲ့ရုပ်လား ။ နတ်လား၊ နာမ်နဲ့ ရုပ်လား။ ဗြဟ္မာလား၊ နာမ်နဲ့ရုပ်လား။ နာမ်ရုပ်ပဲ တွေ့တယ်နော်။

ကဲ တစ်ခါ လူထင်လို့ သေသေချာချာ ပွေ့ပြီးတော့ နမ်းကြည့်လိုက် ။ လူ တွေ့မလား၊ အနံ့ တွေ့မလား ။ အနံ့ ပဲတွေ့မယ်နော်။ကဲ အနံ့။ အနံ့ကိုသာ လူဆိုရင် အနံ့ ဟူသရွေ့ လူလို့ ခေါ်ရမှာ ပေါ့။ ဒီလိုကား ဖြစ်ပါမလား ။အေး အနံ့ပဲ။ နံ့သိစိတ်က ဃာနဝိညာဏ် နာမ်တရားမရလား။ နှာအကြည်နဲ့အနံ့က ရုပ်တရားမရလား ။နာမ်ရုပ်နှစ်ပါး။ လူလား နာမ်နဲ့ရုပ်လား ။ နာမ်ရုပ်က ပရမတ်ကွဲ့။ လူက ပညတ်။အဲလိုစိစစ်ဖို့ မကောင်းလား။ထိထိမိမိလေ့လာကြ။

ကဲ လူထင်လို့ ဆံဖျားက ခြေဖျား အရောက်။ ကိုင်စမ်းကြည့်။ မာတာ မတွေ့လား။ ပျော့တာ မတွေ့လား။ မာတာပထဝီ ၊ပျော့တာ ပထဝီပေါ့။ကဲ လူလား ပထဝီဓာတ်လား၊ နတ်လား ပထဝီဓာတ်လား၊ ဗြဟ္မာလား ပထဝီဓာတ်လား။ သြော် စဉ်းစား။ အဲဒါ မာတာ ပျော့တာနော်။

မာတယ် ပျော့တယ် သိတာ သူငါလား၊ ကာယဝိညာဏ်လား ။ သူက နာမ်တရားမရလား။ မာတာ ပျော့တာက ရုပ်တရား မရလား ။ နာမ်ရုပ် နှစ်ပါး။ လူလား၊ နာမ်နဲ့ရုပ်လား။ နတ်လား၊ နာမ်နဲ့ ရုပ်လား။ ပြဟ္မာလား၊ နာမ်နဲ့ရုပ်လား။ သြော် နာမ်ရုပ်က ပရမတ် လူက ပညတ်။ နာမ်ရုပ်က ပရမတ်၊ နတ်က ပညတ်။ နာမ်ရုပ်က ပရမတ်၊ ပြဟ္မာက ပညတ်။ ဒါ သမုတ်တာ နှုတ်ဖျားမှာနော်။ အဲလို စိစစ်ဖို့ မကောင်းလား။ ကဲ တွေ့တဲ့တရားနဲ့ သိတာနဲ့ ထပ်သွားဖို့လိုတယ်လို့ မဟောဘူးလား ။ အဲဒါ စဉ်းစား။ ဆက်ပြီးတော့ ကြည့်။

အဲဒီ မာတယ် ပျော့တယ်ဆိုတာ စင်စစ်ကတော့ကာ ဖောက်ပြန်ပြီးတော့ ပျက်မသွားဘူးလား။ သိပြီးတော့ မပျက်ဘူးလား။ ဒါ အပျက်ကို သိဖို့ လိုတယ်နော်။ စဉ်းစားဖို့ မကောင်းလား။ ကဲ နာမ်ရုပ် တွေ့တာလား၊ မရှိတာ တွေ့တာလား ။ ဟော…မရှိတာ အနိစ္စ၊ သိတာမဂ္ဂလို့ မဟောဘူးလား။ မရှိတာ အနိစ္စ၊သိတာ မဂ္ဂ။ စဉ်းစားနော်။ ဒါမို့ ဖြစ်ပျက် …. သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား။ အခု ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟူသရွေ့ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား။ နေ့စဉ်နဲ့အမျှ ဒီဆင်းရဲတဲ့ တရားနဲ့ နေရတာကိုး။ ဆင်းရဲတယ်လို့ သိကာ နောင်တစ်ဖန် ဒီခန္ဓာမျိုး ရချင်သေး ရဲ့လား။ တရားပျောက်တော့ ကိုယ်မှာရှာ၊ ကိုယ်မှာ ရှာတော့ တရား တွေ့တယ်… မဟောဘူးလား။ ကဲ တွေ့နေတာ မမှန်ဘူး လားဟေ့။ ကဲ ဘယ်လောက်များ မှန်လဲ။ ဆင်းရဲတဲ့တရားတွေ မှန်နေတာ။ သိပယ်လို့ မဟောဘူးလား ။ ချမ်းသာတယ်ဆိုရင် တော့ကာ… မိမိက ဒါ လိုချင်မှာပေါ့။ ဆင်းရဲတယ်ဆိုတော့ လိုချင်သေးရဲ့လား။ ကဲ အမှန်သိဖို့ လိုတာနော်။ အမှန်သိမှ အမှား ပျောက်တာ ကွဲ့ ကြားလား။ စဉ်းစားဖို့ မကောင်းလား ။ ကဲ သစ္စာဖွဲ့ သစ္စာဖွဲ့။ …….. သစ္စာဖွဲ့နည်း……..။

သစ္စာလေးပါးသိမှ သောတာပန်၊သစ္စာလေးပါးသိမှ သကဒါဂါမ်၊ သစ္စာလေးပါးသိမှ အနာဂါမ်၊ သစ္စာ လေးပါးသိမှ ရဟန္တာနော်။ သစ္စာလေးပါးမသိရင် သောတာပန်ဖြစ်ပါ့မလား ။သောတာပန်မဖြစ်ရင် ဘုရားရဟန္တာဖြစ်ပါမလား။ သောတာပန်က စရတယ် ကြားလား။ သစ္စာလေးပါကို မသိတာ အဝိဇ္ဇာ။ ခန္ဓာငါးပါးကိုမသိတာ…။ ခန္ဓာငါးပါး တစ်ပါးပါးပေါ်မှာ လူ၊နတ်၊ ပြဟ္မာ၊သတ္တဝါလို့ နလုံးသွင်း မှားတာ။ နလုံးသွင်း မှားတော့ လိုချင်တာဘယ်သူလဲ….။ မရရင် မနေဘူးလို့ စွဲလမ်းတာ …။ အဝိဇ္ဇာ၊ တဏှာ၊ ဉပါဒါန် ဤသုံးခုသစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ လူလား၊ သမုဒယသစ္စာလား ။ နတ်လား၊ သမုဒယသစ္စာလား ။ ပြဟ္မာလား၊သမုဒယသစ္စာလား။ သားတွေ၊ သမီးတွေလား၊ သမုဒယသစ္စာလား။ သမုဒယသစ္စာလို့ အမှန်သိတာ သူငါလား၊ မဂ္ဂသစ္စာလား။ မဂ္ဂသစ္စာက သိတာကွဲ့နော်။ အဲလို စိစစ်ဖို့ မကောင်းလား ။ ထိထိမိမိ လေ့လာကြ။ မဂ္ဂသစ္စာ လိုတယ်နော်။

29.5.2005,(7:00pm)9

ဒါ သမုဒယ အကြောင်း ရှိသမျှ အကျိုးခန္ဓာ မရဘူးလား ။ ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟူသရွေ့ အိုနာသေ လွတ်ရဲ့လား။ ဘာသစ္စာလဲ။ သမုဒယဒုက္ခလို့ မပြောဘူးလား။ ထင်တာက လှချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာ တွေ့တာက ဒုက္ခ၊ တွေ့တာနဲ့ ထင်တာနဲ့ ပိုင်းခြားဖို့ မလိုလား။ အဲဒါ တိရဏပရိညာကွဲ့။ တွေ့တာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ထင်တာက လူချမ်းသာ ၊နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာ။ တွေ့တာကို အမှန်မယူ ရဘူးလား။အမှန်သိရင် အမှားမပျောက်လား။ သိပယ်လို့ မပြောဘူးလား။ အဲလို သိသွားတဲ့အခါ နောက်တစ်ဖန် ဒီခန္ဓာမျိုး ရချင်သေးရဲ့လား။ လက်ရှိခန္ဓာ မတွယ်တာဘူး နော်။ နောင်ခန္ဓာ တောင့်တဦးမလား ။အဲဒီ အသိဉာဏ်ရတဲ့ ပုဂ္ဂိုလ် ဘယ်အရပ်ကိုပဲ့ သွားသွား နေတတ်ထိုင်တတ်တယ် ။ ညှော့ ညှော့ ညှော့သည်တွေ လုပ်တတ်တယ်။

<u>ညှော့သည်နှင့် ညှော့ကျယ်။</u>

တစ်ရပ် တစ်ရွာ သွားတဲ့အခါညှော့လုပ်တတ်တဲ့သူက ရှားတယ်။ ညှော့...ညှော့သည်တဲ့ ဘယ်လို တွေ လဲ လို့။ရှေးက တရားသမားကြီး။ အဲဒါ...ဘုန်းကြီး ရှေ့တင်။ ဘုန်းကြီးက အဲဒီအိမ်နဲ့ ရင်းနှီးတော့ အလည်သွားတာ။သူ ရောက်တဲ့အခါမှာ တရားသမားကြီး ထမင်းပြင်ကျွေးတာ။ စားချိန်ကို ရောက်သွားတာ ကိုး။ ခရမ်းသီးနဲ့ အာလူး၊ ဒီပြင်အညီအဟောက်က တစ်ခွက်လောက်ပါတယ် ထင်တယ်။ ပဲဟင်းဆီသက်လို့။ အဲဒီအဘိုးကြီးစားပြီးရင် အိမ်ရှင်က စားတော့တာ။ အိမ်ရှင်စားတဲ့ အခါ ပဲဟင်းက ဆားက လုံးဝမခတ်ဘူး။ ဆားမပါဘူး။အဲဒါနဲ့ အိမ်ရှင်က အဘရယ်ဆားမေ့လို့ မခတ်မိတာ။ နင့်ဟာ ဆား မပါတကား လို့ ဘယ်နှယ့်ကြောင့် မပြောတာလဲ။ ဆား မတောင်းတာ လဲ။ မေးတော့တာ ကြားလား။

ငါက ညှော့သည် ။ညှော့သည် ဆိုတာ အိမ်ရှင်ကျွေးတာစားရတာတဲ့။ဆား နင့်ဟာဆားမပါဘူးဆို ညှော့ကျယ်တဲ့ ကြားလား။ ညှော့ကျယ်တဲ့ကွဲ့။ ဘယ့်နှယ် ညှော့လုပ်တတ်ပါမလားဟေ့။ မလုပ်တတ်ပါ ဘူး။ မလုပ်တတ်ဘူး။ညှော့ကျယ်တွေ များမှာပါ။ ညှော့သည်လုပ်တတ်ပါမလား။ ညှော့သည်ဆိုတာ အိမ်ရှင်ကျွေးတာ စားရတာတဲ့ဗျား။ ဘာလိုတယ် ညာလိုတယ် ဆိုတာ ညှော့ကျယ်တဲ့ဗျ။ အဖိုးတန် လိုက်တဲ့စကားကွာ။ မတန်ဘူးလား။ အတုယူဖို့ မကောင်းလား။ အေး အတုယူဖို့ကောင်းတယ်။

နောက် သေခါနီး ဆဲဆဲမှာ လေး၊ ငါး၊ ဆယ်ရက်လောက်ဟာ သုတ ကြားဖူးတယ်။ ပြင်းပြင်း ထန်ထန် ခံရတာ။ အော်နေတာ အလိုလေးဗျာ နာလှချည်ရဲ့ဗျ၊ ကိုက်လှချည်ရဲ့ဗျ၊ အလိုလေးဗျ။ အော်နေတာ တပည့်တွေက အလှည့်ကျ စောင့်နေတာ။ အဘ ဘယ်က နှိပ်ပေးရမလဲ။ ဘယ်လို လုပ်ပေးရမလဲ။ ဟဲ့ အသာနေဟဲ့။ သူ့ဟာနဲ့သူအော်နေတာတဲ့။ကဲ အသာနေတဲ့ သူ့ဟာနဲ့သူ အော်နေတာ တဲ့။ ကဲ ကိုယ်သာ နာ၍ စိတ် မနာစေနဲ့လို့ ဟော မဟော။ မြတ်စွာဘုရား မဟော ဘူး

လား။ မိုးကုတ်ဆရာတော် ဘုရားကြီးက ကိုယ်သာ နာ၍ စိတ်မနာစေနဲ့လို့ မဟောဘူးလား။ ကိုယ်နာနေတာ ကွဲ့ ကြည့်။ ဒါ ခံစားတာ ငါလား ဝေဒနာလား။ ဝေဒနာဗျာ့။ အဲဒါ ဝေဒနာ သိဖို့ လိုတာ။ ကိုယ်သာနာ၍ စိတ်မနာစေနဲ့ ကဲ ဒေါသစိတ် ဖြစ်သေးရဲ့လား။ အဲဒီစိတ်နဲ့ ဝိညာဏ်ချုပ်ဖို့ လိုတာဗျား။ ကဲ လွတ်မနေဘူးလားဟေ့။ ဟိုက နိုပ်ပေးရမယ် ဘယ်လို ဘယ်ညာ ။ အသာနေဟဲ့ သူ့ဟာနဲ့သူ အော်နေတာတဲ့။ ကဲ ငါပါသေးရဲ့လား။ အော်တာ ငါလား ဝေဒနာလား။

အခု အဲလို မသိတော့ ဘုန်းကြီးတို့ ကျောင်းတုံမှာ တရားသွား ဟောတော့ ဦးဇင်းကြီး ရှိတယ် ရွှေညောင်က ဦးဇင်းကြီး။ အဲဒါ နည်းနည်း အသားအရေကပြု...သူ့ဆေးတော့ကာ တင်းနေတာ။ အနာ.. အော်တာ။ ဦးဇင်းကြီး ဝေဒနာနဲ့ငါနဲ့မရောစေနဲ့နော်။ မရောစေနဲ့။ မရဘူးကွာ မရဘူး မရဘူးတဲ့။ ကြားလား။ (ဟား...ဟား...ဟား...ဟား။) မရဘူးတဲ့။ ကဲ ဝေဒနာလို့ ပြောပါသကို။ ငါဝင်ဝင် ရှုပ်နေတာ။ စဉ်းစားဖို့ မကောင်းလား။ အေး စဉ်းစား။ အဲလို သိတော့ ပိုင်းခြားဖို့ မလိုဘူး လား။

ကဲ အဲဒါ စာမှာ ဖြစ်တာလားခန္ဓာကပြတာလား ။ အဲဒါ သိဖို့ လိုတာကွဲ့။လူတွေက ရှောင်ရှောင်သွား တာ တရားက ပြနေတာ။ ဖေါ်လာခဲ့ ပဿရှုပါလို့ ပါဠိတော်က မဟောဘူးလား။ လူတွေက ရှောင်ရှောင်နေတာ။ ဒါမို့ လယ်တီ ဆရာတော်ဘုရား... အင်မတန် ကျေးဇူးများတဲ့ လယ်တီ ဆရာတော် ဘုရားကြီးက ပရမတ်ကို နေ့စဉ် မြင်လျက် မတွေ့ကြ။ ပရမတ်ကို နေ့စဉ် မြင်လျက် မတွေ့ကြ။ နေ့စဉ်တွေ့လျက် မသိကြတဲ့ဗျ ။ ကဲ တွေ့နေတာကွဲ့။ မသိကြဘူး။ ကြားလား။ ငါ ဝင်ရှုပ်နေတာ ဒိဋ္ဌိငါ။ အဲလို စိစစ်ဖို့မကောင်းလား။ ဒါကြောင့် ခန္ဓာဖွဲ့ ခန္ဓာဖွဲ့ဆိုတာ ဒိဋ္ဌိ ငါပြုတ် အောင် ဖွဲ့ရတာ။ သစ္စာဖွဲ့ဆိုတာ သမုဒယ သစ္စာ သေအောင်လို့ ဖွဲ့ရတာ။

အင်း သမုဒယသစ္စာကို သစ္စာဖွဲ့တော့ကာ ခန္ဓာငါးပါး တစ်ပါးပါးပေါ်မှာ နှလုံးသွင်းမှားလား ။မှားလို့ သမုဒယဖြစ်တာပေါ့။ သမုဒယ အကြောင်းရှိတော့ အကျိုးခန္ဓာမရလား။ ခန္ဓာရတဲ့ ပုဂ္ဂိုလ် အိုနာသေ လွတ်ကဲ့လား။ ဘာသစ္စာလဲ။ အေး သမုဒယ ဒုက္ခ။ ဒါ တစ်က သမုဒယ၊ နှစ်ကဒုက္ခ။ သုံးက သမုဒယ၊ လေးက ဒုက္ခ။ အခု ဒကာမတို့ ဘုန်းကြီးတို့ လာတဲ့လမ်း သစ္စာနှစ်ပါး။ သစ္စာလေးပါး မပါဘူး။ ဘုန်းကြီး တို့။ နှစ်ပါးနဲ့ လာခဲ့တာ ကြားလား။ ကိုယ့်ကိုယ်ကို ဘဝင်မြင့် မနေနဲ့။ လေးပါး ပြည့် မှ သောတာပန် ဖြစ်မှာ။အခု နှစ်ပါးနဲ့လာခဲ့တာ ကြည့်။ အကွက်က သေချာပြတာ ။ လေးပါး ပါရဲ့လား။ မပါဘူး။

ဒါမို့ မင်းတို့တွေက ဝေဒနာနဲ့ တဏှာ တစ်စပ် ဆိုကာ ကြားက မပါပြီ။ဟို ဝင်နေတော့ ကိလေသာ ဝင်နေပြီးပြီ ။ ထွက်ဖို့ မလွယ်။ ကြားက ဝင်ရမှာ မဂ္ဂသစ္စာ ဝင်ရမှာ။ ကဲ အခု ပြောနေတာ

ကြည့်လေ။ ဟိုက ဆားမပါဘူးတဲ့။ ကြားလား မခတ်မိပဲ ကိုး။ကဲ ဒီတိုင်း မမျိုဘူးလား။ မျိုတယ်။ ဒီထဲ ရောက်ကာ ပေါ့တာငန်တာတွေ ခွဲလို့ရရဲ့လား။ လျှာဖျားတင် သညာ အမှတ်မှား နေတာကွဲ့ ကြားလား။ သညာ အမှတ်မှား နေတာ။ သညာဝိပလ္လာသ။ စဉ်းစားဖို့ မကောင်းလား။ ထိထိမိမိ အဲဒါ လေ့လာဖို့ လိုတယ်။ အဲတော့ ကိုယ့်ကိုယ်ကိုလေ့လာကြည့်။

ထမင်း စားကြည့်။ ဟင်းကို တစ်ခါ မခတ်နဲ့။ တစ်မယ်ကို။ အဲဒီတော့ စားကြည့် စားကြည့်တဲ့ အခါ ကျတော့ အဲမှာ မဂ္ဂနဲ့ သမုဒယနဲ့ စစ်တိုက်ရမှာ။ အဲ...စစ်တိုက် ဘယ်လို တိုက်ရမှာလဲ။ ဆားမပါဘူး။ ဆား သွားယူချေစမ်း ကွယ်။ ဆားခတ်မေ့နေတာ။ ကဲ တဏှာက မတောင်းရဘူးလား ။ ဟိုက အသိ တရားလေးက သတိပညာက။ မျိုသာ မျိုလိုက်စမ်းပါ ဒီတိုင်း မင်း။ မင်းခိုင်းတာ ငါလုပ်ခဲ့တာ ကမ္ဘာနဲ့ အမျှ ကြာလှပြီ။ ငရဲလည်း ဘယ်နှစ်ခါ ရောက်ပြီလို့ မသိဘူး ကြားလား။ ကဲ ဒီတစ်ခါတော့ မင်းအလို ငါ မလိုက်နိုင်ဘူး မျိုသာ မျိုလိုက်။ ဒီလို လေ့လာဖို့ မကောင်းဘူးလား။ အေး အဲဒီလို လေ့လာရမှာကွဲ့ အခုတော့ တဏှာရဲ့ ကျွန် ဖြစ်နေတာ။ ဒါကြောင့် လယ်တီဆရာတော်ဘုရားက တဏှာပူးတဲ့ အရူးတွေလို့ ပောတာ မကြားမိဘူးလား။ အေး ဦးလှသိန်း ပောပါတကားဗျ ကြားလား။ ကဲ တဏှာရဲ့ကျွန်တွေ လုပ်နေရတာ။ စဉ်းစားဖို့ မကောင်းလား။ ဘဝင် မြင့်မနေနဲ့ တဏှာရဲ့ ကျွန်တွေ။ စဉ်းစား။ အဲလို လေ့လာဖို့ မကောင်းလား။ ကဲ တဏှာက သွား ယူချေစမ်းပါ ကွဲ့။ ဆားက ဘယ်လောက်မှ တန်ဖိုး မရှိဘူး။ ဟင်းက အဖိုးတန်တယ် ဝယ်ရတာ။ မင်း အဲဒါ ငါး ဆယ်တန် လောက် ကျနေတာ။ ဆားက ဘယ်လောက်မှ မကျဘူးယူချေ။ မခိုင်းရဘူးလား။ အဲဒီ အတိုင်းသာ မျို။ မင်း အလို ငါမလိုက်နိုင်ဘူး။ အဲဒီလို လုပ်ရမှာ။ စဉ်းစားဖို့ မကောင်းလား။ အလေ့အကျင့် လုပ်ကာ ရတယ်ကွဲ့ကြားလား။ လေ့မှလာတာ။ အလေ့ အကျင့် မလုပ်ရဘူးလား။ အေး အဲဒါ လိုရင်းအချက်တွေ ကွဲ့။ အဲလို စိစစ်ဖို့မကောင်းဘူးလား ။ သိမှ ပယ်နိုင်တာ။ တရား နာ တယ် ဆိုတာ၊ တရားဆိုတာ မှန်တာကို ပောတာ။ မှန်တာကို သိဖို့ မလိုဘူးလား ။အမှန်သိတော့ အမှား ပျောက်တယ်ကွဲ့နော်။ စဉ်းစား။စဉ်းစားတာအလုပ်တစ်ခုလို့ခေါ်တယ်။

ခန္ဓာငါးပါး စုန်းမဥပမာပြ။

ကဲ... ဘယ်လိုတွေလဲလို့ ဥပမာ ပြောဦးမယ်။ အဲဒီခန္ဓာကို အစဖြုတ်ဖို့ လိုတာ။ ခန္ဓာရှိသမျှ မဆင်းရဲပေဘူးလား။ ခန္ဓာအစ ဖြုတ်ဖို့ လိုတာ။ရှေးကမကြားစဖူးကြားဖူးထပ်မံ။ သားအမိသားအဖ သုံးယောက်။ သား ယောက်ျားလေး မွေး။ မွေးလို့ လေးငါးခြောက်နှစ်ကြာတော့ ကျောင်းထား။ ကျောင်းထားတော့ လေးတန်းလောက် အောင်လာ။ အဲဒီအခါကျတော့ သူနိုင်တဲ့ ပုံးကလေးတွေ ရေထမ်းပုံးလုပ်တော့တယ်။ အဲဒါ သူနိုင်တဲ့ပုံးလေး ထမ်း ထမ်းပြီးတော့ အိမ်မှာ လုပ်တယ်။

တစ်ဆယ် ဆယ့်နှစ် နှစ်ကျတော့ကာ မိဘရဲ့ အဝတ်အစားတွေ လျှော်ပေးတယ်။ ပြုပေးတယ်။ မိဘက မချစ်ဘူးလား၊ ချစ်မလား။ ပေတဲ့ သား တောင်မှ ချစ်သေးတာကွဲ့ မိဘတွေက။တစ်နေ့နေ့ လိမ္မာ လာဦးမယ်တဲ့။ မျှော်သေးတာ မိဘက ကြားလား။ လိမ္မာတဲ့သား ဆိုတော့ ပိုချစ်တာပေါ့။ မချစ်ဘူးလား။

နောက်တော့ ဆယ့်ခြောက်နှစ် ဆယ့်ရှစ်နှစ် ရောက်လာပြီ၊ ရောက်လာတဲ့အခါကျတော့ ပေါ အပျိုလည်တော့တာ။ အိမ်က လမ်းသာ ခြားတာ ကြားလား။ အဲဒီ အပျိုက သူ့ရည်းစားက အသင့် အတင့်။ ရုပ်ဆင်းက အသင့်အတင့် လှတယ်။ ဘွဲ့ရပြီးသား။ စားဝတ်နေရေးကလည်း အသင့် အတင့် ပြေတယ်။ မိဘက မလို ကြားလား။ ထိတ်ထိတ်နေတော့တာ မိဘက။ ဘုန်းကြီးသာ ဆို ပေးစားလိုက်တော့မှာ ပော့ ကြားလား။ အင်း။ မိဘက မလိုကွဲ့။ ဘာကြောင့် မိဘက မလိုတာလဲ မေးဖို့ မကောင်းဘူးလား ။ အဲဒီ ရည်းစားက စုန်းတတ်တာကိုး။ဝေါဟာရပညတ်။ စုန်းတတ်တယ် ဆိုတော့ တော်ကြာခါ စိတ်ဆိုးကာ သူ့လက်ချက်နဲ့သေမှာ ကြောက်နေတာ။ အဲဒီတော့ သား အတွက်နဲ့ သူ့မှာ သောကတွေ မဖြစ်ဘူးလား ။အင်း အဲလိုဖြစ်တော့တာ။ မလည်နဲ့ ပြောရမှာလည်း စုန်းတတ်တယ်ဆိုတာ ။စုန်းကလည်း အကောင်အထည် မဟုတ်။ စုန်းဆိုတာ ပညာ။ ဘယ်ပညာလဲ အောက်လမ်း ပညာ။ စဉ်းစားဖို့မကောင်းလား။ ကဲ အကောင်အထည်ပြနိုင်လား။ မပြနိုင်ဘူးကွဲ့ ဝေါဟာရ ပညတ်။ စဉ်းစား…လုပ်ရတယ်။

အဲဒါနဲ့ တစ်နေ့သ၌ ကျတော့မင်းသားက အစောကြီးပြန်လာခဲ့တယ်။ အပျိုအိမ် ရောက်ပြီး ပြန်လာခဲ့တော့တာ။ ထမင်းစားပြီး လက်ဆေး သွားတော့တာ။ အဲဒါနဲ့ အိပ်ရာထဲ ဝင်အိပ်။ ဝင်အိပ် တော့ကာ တခါ နဖူးတွေစမ်းပြု။ ငါသားနေကောင်းရဲ့လား။ ကောင်းပါတယ်။ ဘာဖြစ်လို့ အစောကြီး ပြန်ခဲ့တာလဲ။ သူ့အိမ်ရှင်မ နေမကောင်းလို့ ကြားလား။ သူ ရည်းစား နေမကောင်းဘူးပေါ့။ မိဘက အကဲခတ်တယ်။ အင်း သူ့အတတ်က ပေါ်တော့တာ။ ဒီနေ့လပြည့်နေ့။အဖိတ် လပြည့် လကွယ်မှ ပေါ်တာကိုး အဲဒီ အတတ်က။ စုန်းအတတ်ကလေ။ နောက်လကွယ်နေ့ကျတော့ မိဘက ထမင်း လက်ဆုံစား။ သမီးရည်းစားဆိုတာ အချစ်စမ်းတာ။ အပြန်ခိုင်းတိုင်းသာ ပြန်မယ်ဆိုရင် ကြားလူ ဝင်ရင် မင်း လက်လွတ်တော့မှာ။ ကြားလူ တစ်ယောက်သာ ဝင်ရင် မင်း လွတ်ပြီ။ သူ့ကို ချစ် မချစ် စမ်းတာ။ အပြန်ခိုင်းတာဒါ အချစ်စမ်းတာ။ မင်းကအကောင်းထင်မလုပ်နဲ့ ပေတေနေရတယ်။ နောက် လကွယ်ကျတော့ အစ်ကိုရယ် အရင်ဟာထက် ပိုဆိုးတယ်။ လည်နာတာရော၊ ခေါင်းကိုက်တာရော၊ ဗိုက်နာတာရော သုံးပါးလေးထွေ ဖြစ်နေတယ် ပြန်ပါဦး။ သူကလည်း အချစ်ပျက်မှာ ဆိုးတော့ကာ မပြန်ပါရစေနဲ့။ ပြန်ပါဦး။ မပြန်ပါရစေနဲ့။ ပြန်သာပြန်။ မပြန်ပါရစေနဲ့။

ပြောပြော ဆိုဆိုနဲ့ ရင်ခွင်ထဲမှာ စုန်းက မီးလုံးကြီးက ဘွားကနဲ ဘွားကနဲ တောက်တော့ တာပေါ့။ မင်းသား မျက်လုံးတွေ ပြူးသွားတော့တာ။ ပြူးသွားတော့တာကွာကြားလား။ မျက်လုံးတွေ ပြူးနေတော့တာ။ ချစ်စိတ်ရှိသေးရဲ့လား။ ချစ်စိတ်လား၊ ကြောက်စိတ်လား။ နည်းနည်းလေးမှ မကျန်ကွာ ငါအံ့ဩတယ်။ ချစ်တာ နည်းနည်းလေးမှ မကျန်။ ဟင်းတွေ ဘာတွေ စားတဲ့အခါ ဟင်းအိုးမှာ ကြည့် ။ ဟင်းကုန်ပြားသော်လည်း ဟိုမှာ အနံ့လေး ဘာလေးတော့ ကျန်သေးတာဗျာ့။ အိုးထဲမှာ ကြားလား။ အခုချစ်တဲ့စိတ်က ကျန်ကို မကျန်တာကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ချစ်စိတ်လား၊ ကြောက်စိတ်လား။ကြောက်စိတ်။ အဲဒါနဲ့ စုန်းတောက်က ပြေပြီးတော့မှ တစ်ယောက်နဲ့ တစ်ယောက် အလ္လာပ သလ္လာပ ပြောလို့ ဆယ့်နှစ်နာရီထိုးခါမှ အိမ်ကို ပြန်ခဲ့တော့တယ်။ ပြန်လို့ အိမ်မှာ အိပ်။

နောက်နေ့ည ထမင်းစားပြီးရင် မင်းသားက အလည်မသွားဘူး။ အိပ်ရာထဲ ဝင်အိပ်တော့တာ။ အိပ်ရာထဲ ဝင်အိပ်တော့တာ။ ဝင်တော့တာ။ မိဘက သွားစမ်း နဖူးစမ်းလိုက်၊ ခြေတွေလက်တွေ စမ်းလိုက်။ နေကောင်းလား။ ကောင်းပါတယ်။ ဘာဖြစ်လို့ မသွားတာလဲ။ မေးတဲ့အခါ မိဘတော့ မပြော... မပြောမဖြစ် ပြောရတော့တာ။ ဟိုကနှုတ်ပိတ်တာ။ သူ့အတတ်ကို ဘယ်သူ့မှ မပြောရဘူး လို့ကြားလား။ အဲဒါ ဒီလို ဒီလိုပဲ့ သူ့အပေါ်မှာ ရင်ခွင်ထဲမှာ စုန်းတောက်တာ ပြောတော့တာ ကြားလား။ အဲဒီလိုမလုပ်နဲ့။ ငြိုးလိမ့်မယ် သွားဦး။ ကိုယ်ပေါင်းစိတ်ခွာ။ သွားဦးလို့ အသွား မခိုင်းရဘူးလား။ အင်း... စားစရာ၊ သောက်စရာ ကျွေး မစားနဲ့။ ဆေးလုံး စားခဲ့တယ်လို့ပြော၊ ဆေး စားတယ်လို့ပြော။ ဟိုရောက်တော့ သူစားဖို့ရာ ဖွယ်ဖွယ်ရာရာလုပ်တာပေါ့။ ဆေး စားခဲ့တယ်တဲ့ မစားရဲဘူး။ ကြားလား။ ဆေးစားခဲ့တယ်တဲ့ ကွဲ့။ စဉ်းစားဖို့ မကောင်းလား ။ စားရဲရဲ့လား။ မစားရဲ ဘူး။ မိဘခိုင်းလို့သာ သွားရတာ။ တစ်လှမ်းချင်း တစ်လှမ်းချင်းက ချစ်စိတ်လား၊ ကြောက်စိတ်လား ။ အင်း ကြောက်စိတ်ကွဲ့။ ကဲ အပြစ်ကို မြင်တော့ကာ ချစ်တဲ့စိတ်တွေ ရှိသေးရဲ့ လား။ အပြစ်ကို မြင်ပြီနော်။

အခုလည်း ခန္ဓာတရား လေ့လာတာ ဒီ အပြစ်မျိုးကို မြင်ဖို့ လိုတာ။ ဒီ ခန္ဓာအပြစ်ကို သိဖို့ မလိုဘူးလား ။ အပြစ်မသိ ဒီခန္ဓာက ခွဲလို့၊ ခွာလို့ရပ့ါမလား။ ခန္ဓာ အပြစ်သိဖို့ လိုတယ်။ မိုးကုတ် ဆရာတော် ဘုရားကြီး ဘယ်လို ဟော....။ အဲဒီခန္ဓာငါးပါးကို သူသတ်ယောက်ျားလို့ မိုးကုတ် ဆရာတော် ဘုရားကြီး မဟောဘူးလား။ အဲဒီခန္ဓာ သတ်လို့ သေခဲ့တာ ဘဝပေါင်း မရေတွက် နိုင်ဘူး ကြားလား။ ရူပက္ခန္ဓာ သတ်လို့ သေခဲ့တာ အထက်လှန် အောက်လျှောဆိုတာ ကြားဖူးရဲ့ လား။ ဆေးမမီဘူး။ ကြားလား။ ဝမ်းလျှောလို့ သေတာလေ။ အဲဒါ ရူပက္ခန္ဓာသတ်လို့ သေတာကွဲ့ ။

စဉ်းစားဖို့ မကောင်းလား။ ရူပက္ခန္ဓာသတ်လို့ သေတာ။ ကြောက်စရာ မကောင်းဘူးလားဟေ့ ။ကဲ ညဆောင်းအခါကျတော့ အေးတဲ့အခါမှာ အညစ်အကြေးက စွန့်ချင်တယ် အိမ်သာကိုပို့ မပို့ရင် အိပ်ရာထဲမှာ စွန့်မယ်။ မလုပ်ပါနဲ့ကွာ ပို့ပါရစေ။ ကြားလား။ ပို့ရတာ အိပ်ရာထဲမှာ စွန့်မှာတဲ့ ။ ပို့ရင်ပို့ မပို့ရင် အိပ်ရာထဲမှာ စွန့်မှာတဲ့။ မင်းငါ့ကို ထမင်း ကောင်းကောင်း ကျွေး မကျွေးရင် ငါ သေပြမယ်။ သေပြမှာတဲ့။ ဒါ ကျွေးရတာ မလုပ်စမ်းနဲ့။ ကျွေးရလား မကျွေးရဘူးလား။ ကဲ ကျွေးရင် ကျွေး မကျွေးရင် သေပြမှာ တဲ့။ မကျွေးပဲ ထား မသေဘူးလား၊ သေမှာ လား။ ကျွေးရင် ကျွေး မကျွေးရင် ငါ သေပြမှာ တဲ့။ ကဲ ဒါရူပက္ခန္ဓာ။ စဉ်းစားဖို့ မကောင်းဘူးလား။ အဲလို လေ့လာဖို့လိုတယ်ကွဲ့။

ကဲ ဝေဒနာက္ခန္ဓာ ဟင်းစပ်လေး တည့်လို့ စားသုံးတဲ့ အခါကြတော့ ကောင်းပြီးတော့မှ အခါတိုင်းထက် ပိုပြီးတော့ စားတာတွေ မရှိဘူးလား။ အခါတိုင်း ထက်ပို စားတော့ကာ ဟော ရေသောက်တော့ အူတွေ ပြဲလို့ သေသွားတာ။ ဇူဇကာပုဏ္ဏားက သက်သေမခံလား။ ကြားဖူး ရဲ့လား။ အင်း အဲဒါ ဝေဒနာက္ခန္ဓာ သတ်တာဗျ။ ဝေဒနာက္ခန္ဓာ သတ်တာ။ ကိုယ်က အဲဒါကို မိတ်ဆွေလို့ အောက်မေ့မနေနဲ့ ရန်သူတွေ။ စဉ်းစားဖို့မကောင်းလား။ ကဲအဲဒါ ဝေဒနာက္ခန္ဓာ အူပြဲလို့ သေတာ မထင်ရှားဘူး လား။ မိတ်ဆွေလား ရန်သူလား။ ရန်သူကွဲ့။ ဘုရား ဟောတာ။

ကဲ သညာက္ခန္ဓာ ဆေးထိုးမှားလို့သေတာကား ကြားဖူးရဲ့လားဟေ့ ။ ဒါ ဆေးထိုးမှားတာ သညာက္ခန္ဓာ သတ်တာဗျ။ အဲလို စိစစ်ဖို့ မကောင်းလား။ အဲလို သေခဲ့ပေါင်း မရေတွက်နိုင်တော့ဘူး နော်။ အဲလို စိစစ်ဖို့မကောင်းဘူးလား။

ကဲ သင်္ခါရက္ခန္ဓာ။ အစား မတော်တော့ တစ်ဖွန်း။ အသွား မတော်တော့ တစ်လှမ်း လို့ မဟောဘူး လား။ အဲလို စားပြီးတော့မှားလို့ သေတာ တွေကော မရှိဘူးလား။ ရှိတယ်။ ကြားလား။ စဉ်းစားဖို့ မကောင်းလား။ ဒါ သင်္ခါရက္ခန္ဓာသေတာတွေ။

ဝိညာဏက္ခန္ဓာ သတ်တာက ရှိသေးတယ်ကွဲ့။ သမီးရည်းစား ဆယ်တန်းတုန်းက ရိုးရိုးလေး ချစ်ကြတာ။ ဘွဲ့ရပြီးခါ မင်္ဂလာ လက်ထပ်ဖို့ ကတိကဝတ်ပြုတာ။ ဘွဲ့ရပြီးခါလေ ။ ဆယ်တန်း တုန်းက ချစ်တာကိုး။ ဘွဲ့ရပြီးခါ။ ဘွဲ့က ရတဲ့ အခါကျတော့ ဟော မိန်းမလေးဘက်က မိဘက ယောကျ်ားလေးကို မလို၊ ယောကျ်ားလေးဘက်က မိဘလည်း မိန်းကလေးကို မလို။ မပေးချင်ဘူး။ သူတို့နှစ်ယောက်က လည်း အလွန် ချစ်တာ ။ သူနဲ့မှ မနေရရင် အဆိပ်သောက်လို့ သေမယ်။ အဲဒီလို အဆိပ်သောက် သေတာတွေ နင်တို့ ကြားဖူးရဲ့လား ။ဝိညာဏက္ခန္ဓာ သတ်တာ။ စဉ်းစား နော်။ ဝိညာဏက္ခန္ဓာ သတ်တာ။ ငါ့ဟာ... မင်းတို့ ငါ့ကို ဘာထင်လဲ။ ကြိုးစွဲချလို့ သေမယ်။ ကဲ ဒီလို သေတာတွေကော ကြားဖူးရဲ့လား။ ရေထဲ ခုန်ဆင်းမယ် ။ ရေထဲ ခုန်ဆင်းလို့ သေတာတွေ

ကြားဖူးရဲ့လား။ ဝိညာဏက္ခန္ဓာ သတ်တာ။ ကဲ အခု ရန်သူနဲ့ နေရတာပါလားကွဲ့။ ခန္ဓာငါးပါးဟာ မိတ်ဆွေ လား ရန်သူလား။ ဟာ ရန်သူပေါ့ ကြားလား။ ရန်သူမှန်း သိရဲ့လားကွဲ့။ စဉ်းစားနော်။ အဲဒီလိုနဲ့ ကမ္ဘာနဲ့ အမျှ ခန္ဓာရလို့ သေတာတွေ မရေတွက်နိုင်ဘူး။ ရေတွက်နိုင်ပါမလား။ခန္ဓာက လွတ်မှ မအိုရာ၊မနာရာ၊ မသေရာ ၊နိဗ္ဗာန်လို့ မပြောဘူးလား။ အဲဒီခန္ဓာ လွတ်ဖို့လိုတာဗျ။ အဲဒါ ထိထိ မိမိ သဘောပေါက်ဖို့ လိုတယ်နော်။ သိမှ ပယ်နိုင်တာ။ ကဲ... လိုက်ဆိုကြ။

ရူပက္ခန္ဓာ ဖောက်ပြန်တာ ပမာ ရေမြှုပ်လို။ ရေမြှုပ်ပုံပြု ဖြစ်ပျက်ရှု၊ ရမှု မဂ်နှင့်ဖိုလ်။ ကဲ ရူပက္ခန္ဓာ ရေမြှုပ်ကြီးနဲ့ တူတယ်လို့ မြတ်စွာဘု ရားမပြောဘူးလား။ ချောင်းထဲမှာ၊ မြစ်ထဲမှာရှိတဲ့ ရေမြှုပ်ကြီး လေ။ ကဲ ဘယ်လောက်ပဲကြီးကြီး လက်နဲ့ကိုင် စမ်းကြည့်။ လက်ညှိုး နဲ့ လက်မပဲထိသွားမယ် ခုခံရဲ့လား။ အနှစ်သာရ ရှိရဲ့လား။ ရေမြှုပ်ကဲ့သို့ မြင်မယ်ဆိုရင်သူ့အပေါ်မှာ သာယာနှစ်သက်တဲ့ တဏှာ လာဦးမလား။ ဒေါသတွေကား လာဦးမလား။ ချစ်ခြင်း၊ မုန်းခြင်း မလွတ်လား။ အဲဒီတော့ ရေမြှုပ်ရဲ့ အဓိပ္ပာယ် သိဖို့ လိုတယ်နော်။ ကြားလား။ စိစစ်ဖို့ မကောင်းလား။ ထိထိမိမိ လေ့လာနော်။

ကဲ လက်တွေ့ မျက်တွေ့ အားဖြင့် အမျိုးသမီးလေး ဖြစ်ဖြစ်၊ အမျိုးသားလေး ဖြစ်ဖြစ် မွေးပြီးရင် သုံးရက်လောက်မှာ သေသွားမယ်။ ရာသီဥတုကပူပြင်းတဲ့ အခါမှာထားလိုက်။ ကဲ ကိုယ်ကောင် တွေက ကြွယောင်ပြီးတော့ အကုန်လုံး အရည် ဖြစ်မသွားဘူးလား။ နနလေးနော်။ အရိုးတွေ ကျန်ပါမလား။ အကုန်လုံး အရည်ဖြစ်တာ။ အဲဒီ ကလေးဟာ ဘယ်က လာသလဲ ဆိုတာ ပြန် စဉ်းစား။ ရေမြှုပ်ကြီးက။ ရေကဖြစ်တဲ့ ရေမြှုပ်။ ပျက် တော့ကာ ရေပဲပြန်မဖြစ်လား။ အဲလိုစိစစ်ဖို့ မကောင်းလား။ ဒါ ကလလ ရေကြည်လို့ မပြောကြဘူးလား။ စဉ်းစားဦး။ ဒါ ရေမြှုပ်က ဖြစ်တဲ့ ခန္ဓာဟာ ပြီးတော့ရေမြှုပ်ပဲ ဖြစ်တာပေါ့။အဲဒီလို အဓိပ္ပာယ်သိဖို့ မလိုလား။ အဲဒီ အမြင်မျိုးသာ မြင်မယ်ဆိုရင် သာယာစရာ၊ နှစ်သက်စရာ၊ တွယ်တာစရာ လိုသေးရဲ့လား။ အဲဒီလို ကွက်ကွက် ကွင်းကွင်း ရှင်းရှင်း လင်းလင်း ရူပက္ခန္ဓာ ရေမြှုပ်နဲ့ တူတယ်လို့ သိဖို့လိုတယ်။

ဝေဒနာက္ခန္ဓာ ခံစားတာ၊ပမာရေပွက်လို၊ရေပွက်ပုံပြု ဖြစ်ပျက်ရှု၊ ရမှု မဂ်နှင့်ဖိုလ်။ဒါ ဝေဒနာက္ခန္ဓာ ရေပွက်နဲ့ တူတယ်လို့ မပြောဘူးလား။ ထမင်းချက်တဲ့အခါမှာ ပွက်ပွက်ဆူ ပွက်တဲ့အခါ ငွေဖလား လေး နဲ့ တူတဲ့ စီဖောင်းလေးတွေ မပေါ်ဘူးလား။ ပေါ်လိုက် ပေါက်ကွဲသွားလိုက်။ ပေါ်လိုက် ပေါက်ကွဲသွားလိုက်။ အစားထိုးလိုက်၊ ပျက်သွားလိုက်။ အစားထိုး လိုက်၊ ပျက်သွားလိုက်။ အနှစ်သာရ ရှိရဲ့လား။ ဒါမို့ ရေပွက်ပမာဏလို့ မပြောဘူးလား။ အဲလို သိဖို့ မလိုလား။

ဒါ သညာက္ခန္ဓာ တံလျှပ်ပမာဏ လို့ မပြောဘူးလား။ တံလျှပ်ပမာဏ။ ရှေးအထက်ကျော်ကာရီက သားသမင်အပေါင်း မုဆိုးရန်ကို ကြောက်ပြီးတော့ ပုန်းလျှိုးရတယ်နော်။ ပုန်းလျှိုးတဲ့ အခါ ရေဆာတော့ ဆာလောင်မွတ်သိပ်တဲ့အခါ ရေရှာ ထွက်မလာဘူးလား။ ကမ်းပါးပေါ်က ရပ်ကြည့် တော့ကာ အောက်မှာ ရေပြင် ကြီးမြင်ရတာပေါ့။ သားသမင်အပေါင်း ရေသောက်ဖို့ ဆင်းမသွားဘူး လား။ အောက်ကို ရောက်တဲ့အခါရေ တွေ့ရဲ့လား။ သောင်ပြင်ကြီးပေ့ါ။ မော့ကြည့်တော့ကာ ရှေ့မှာ နော်။ နောက်တစ်ပြလောက်မှာ သွားကြည့်။ တစ်ပြလောက် ရောက်တဲ့အခါ ရေတွေ့ သလား၊ သောင်ပြင်ကြီးလား။အဲလို ဆက် ဆက်ပြီးတော့လိုက်သွားကြည့်တာ။ သားသမင် အပေါင်း ရေငတ် ပြီးတော့ မသေကြလားဟော့ ။ ရေသောက်လို့ သေရတာလား၊ ငတ်လို့ သေတာလား။ တံလျှပ် ပမာဏလို့ မပြောဘူးလား။ စဉ်းစား။ အခုလည်း လူချမ်းသာ ရှာခဲ့တာ၊ နတ်ချမ်းသာ ရှာခဲ့တာ၊ ဗြဟ္မာချမ်းသာ ရှာခဲ့တာ တွေ့ကြပြီလား။ အဲလို ရှာခဲ့တာ သေရတာ ဘဝပေါင်း ရေတွက် နိုင်ရဲ့လား ဟော့။ အဲလို စိစစ်ဖို့မကောင်းလား။ သညာက္ခန္ဓာ မှတ်သားတာ ပမာတံလျှပ်လို၊ တံလျှပ်ပုံပြု ဖြစ်ပျက်ရှု ၊ရမှုမဂ်နှင့်ဖိုလ်။

သင်္ခါရက္ခန္ဓာ၊ စေ့ဆော်တာ ၊ပြုပြင်တာ၊ ပမာငှက်ပျောလို၊ ငှက်ပျောပုံပြု ဖြစ်ပျက်ရှု၊ ရမှုမဂ်နှင့်ဖိုလ်။ သင်္ခါရ၊ ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ လို့ မပြောဘူးလား။ အပုညာဘိသင်္ခါရလို့ မပြောဘူး လား။ ကဲ ပုညာဘိသင်္ခါရ လူခန္ဓာ၊နတ်ခန္ဓာမရလား။ အိုနာသေလွတ်ရဲ့လား။ အနှစ်သာရ ရှိရဲ့လား။ အာနေဉ္ဇာဘိသင်္ခါရ ဗြဟ္မာခန္ဓာမရလား။ အိုနာသေလွတ်ကဲ့လား။ အနှစ်သာရ ရှိ ရဲ့လား။ အဲဒါကြောင့် ငှက်ပျောပမာဏ ငှက်ပျောပင်ကို အရင်းဖြတ် အဖျားဖြတ် ပြီးတော့မှ ကဲ ခွါကြည့်တဲ့ အခါ အနှစ် တွေ့ရဲ့လား။ ငှက်ပျောဖတ်သာ ကုန်သွားတယ်နော်။အဲလိုဆိုရင် ကဲ အနှစ်သာရမရှိရင် သာယာစရာ ၊နှစ်သက်စရာ လိုသေးလား။ အဲဒါ လိုရင်းအချက်တွေ ကြားလား။

ဝိညာဏက္ခန္ဓာ၊ ထွေထွေလာလာကြံသိတာ၊ ပမာမျက်လှည့်လို၊ မျက်လှည့်ပုံပြု ၊ဖြစ်ပျက်ရှု၊ ရမှုမဂ်နှင့်ဖိုလ်။ မျက်လှည့်ပြတဲ့ ရွှေတွေငွေတွေ ကုန်သည်တွေ ရောင်းတာနဲ့ မတူဘူးလား၊ တစ်ပုံစံ တည်းနော်၊ မျက်လှည့်ပြတဲ့ ဆန်တွေကရောကုန်သည်တွေ ရောင်းတာ နဲ့မတူဘူးလား။ ချက်လို့ ပြုတ်လို့ ရရဲ့လား။ ကဲ တကယ့် ဆန်အစစ် ဟုတ်ရဲ့လား ။တူတော့ မတူဘူးလား။ တနည်း အားဖြင့် အိပ်မက်ပမာဏ ပေ့ါ။ အိပ်မက်ထဲမှာ ရွှေအိုးရလို့ မက်တာ၊ ငွေအိုးရလို့ မက်တာ၊ သိန်း ထီပေါက်လို့ မက်တာ မရှိဘူးလား။ နိုးတဲ့အခါ ကိုယ်စိတ်ကူး အတိုင်း ဖြစ်ကဲ့လား။ အဲဒါ တကယ်ရှိလို့လား။ အဲသလို ဝိညာဏက္ခန္ဓာ သုံးဆယ်တစ်ဘုံ ဝိညာဏက္ခန္ဓာ။ စိတ်ပေါ်တာကွဲ့။ စဉ်းစားဖို့ မကောင်းဘူး လား။ သုံးဆယ့်တစ်ဘုံလား ၊ ဝိညာဏက္ခန္ဓာလား ဝိညာဏက္ခန္ဓာ သိလို့ရှိရင် သုံးဆယ့်တစ်ဘုံ

29.5.2005,(7:00pm)17

စွဲစရာ လိုသေးရဲ့လား။ အဲလို သိဖို့ မလိုဘူးလားဟေ့။ အဲဒါလိုရင်း အချက်တွေကွဲ့နော်၊ အဲဒါ ထိထိမိမိ သဘောပေါက်ဖို့မလိုလား။ သိပယ်ဆိုက်ပွားလေးပါးကိစ္စ မဂ်တစ်ခဏလို့မဟောဘူးလား။ ဒါမျက်လှည့်ပမာဏ အိပ်မက်ပမာဏလို့ သိရင်စွဲစရာ လိုသေးလား။အဲဒါ လိုရင်းအချက်တွေ ကွဲ့နော်။

ကဲ ထိဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ သိတာက (မဂ္ဂသစ္စာပါဘုရား)။ သေတာက (သမုဒယသစ္စာ ပါဘုရား)။ နောက်ခန္ဓာ မလာတာ... (နိရောဓသစ္စာ ပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ပါ ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါဘုရား)။ ငါးလေးလီ (နှစ်ဆယ်)။ ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။

(ဣမာယ အမျှဝေ)။

သာဓု သာဓု သာဓု။